A4AI ALLIANCE FOR AFFORDABLE INTERNET

1110 Vermont Ave NW - Suite 500
Washington, DC 20005
USA
www.a4ai.org

## သတင်းထုတ်ပြန်ချက်

ထုတ်ပြန်ရက်စွဲ - မတ်လ ၂၃ ၊ ၂၀၁၅ GMT 00.01
ဆက်သွယ်ရန် : press@webfoundation.org

# မြန်မာနိုင်ငံသည် Alliance for Affordable Internet အဖွဲ့ဝင်အဖြစ်ပါဝင်ရန် လက်မှတ်ရေးထိုးသော ပထမဦးဆုံး အာရှပစိဖိတ်နိုင်ငံဖြစ်လာ

- နိုင်ငံသူ နိုင်ငံသားများအား နှုန်းထားသက်သာ အင်တာနက်ရရှိနိုင်ရေး နှင့် အသုံးပြုနိုင်ရေးအတွက် အလေးထားဆောင်ရွက်နေသည့် ကမ္ဘာ့အကြီးဆုံး နည်းပညာကဏ္ဍပူးပေါင်းမှုအဖွဲ့အစည်း (A4AI)မှာပါဝင်လာသော ပဉ္စမမြောက်နိုင်ငံ
- A4AI ဖြင့်ပူးပေါင်း၍ ဘရော့ဘန်း (Broadband) အင်တာနက်ဈေးနှုန်းများ ကျဆင်းရေးနှင့် သန်းပေါင်းများစွာသော လူအများအား အင်တာနက်ပေါ်သို့ အလျှင်အမြန်ရောက်ရှိ အသုံးပြုလာနိုင်စေရန် ၊နိုင်ငံတကာရှိအကောင်းဆုံးသော လုပ်ထုံးလုပ်နည်းများအပေါ်အခြေခံသော မူဝါဒများနှင့် စည်းမျဉ်းဥပဒေများ ပေါ်ပေါက်လာစေရေးအတွက် လက်တွဲလုပ်ကိုင်ရန်ရှိ

မြန်မာနိုင်ငံသည် Alliance for Affordable Internet (A4AI – www.a4ai.org) အဖွဲ့ဝင်အဖြစ်ဝင်ရောက်လာကြောင်း A4AI က ယနေ့မှာ ထုတ်ပြန်ပါသည်။ အဖွဲ့ဝင်အဖြစ်ဝင်ရောက်လာကြောင်း သဘောတူညီမှု စာချွန်လွှာကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာ အဖွဲ့ချုပ် နှင့် A4AI တို့မှ ယခုအပတ်အတွင်း ရန်ကုန် တွင်ကျင်းပပြုလုပ်မည့် ပွဲ၌ လက်မှတ်ရေးထိုးသွားကြမည်ဖြစ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁.၄ သန်းအနက် အင်တာနက်သုံးစွဲသူရာခိုင်နှုန်းမှာ ၁.၂ ရာခိုင်နှုန်းသာရှိပြီး ကမ္ဘာပေါ်တွင် အင်တာနက်အသုံးပြုမှုနှုန်း အနည်းဆုံးနိုင်ငံများထဲမှာ ပါဝင်ပါသည်ဟု ITU မှ ၂၀၁၃ခုနှစ် စစ်တမ်းများအရထုတ်ပြန်ထားပါသည်။ အင်တာနက် အသုံးပြုမှုနှုန်းမှာ တဖြည်းဖြည်းမြင့်တတ်လာပြီး မြန်မာနိုင်ငံ အစိုးရမှ တစ်နိုင်ငံလုံး၏ ၁၅ ရာခိုင်းနှုန်း အင်တာနက် အသုံးပြုလာကြသည်ဟု ခန့်မှန်းထားသော်လည်း အင်တာနက်ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် စိန်ခေါ်မှုများစွာ ရှိနေပါသေးသည်။ မြန်မာပြည်အနေဖြင့် A4AI ဖြင့်လက်တွဲကာ အခြားအဖွဲ့ဝင်များ၊ ပြည်တွင်းရှိ အဖွဲ့များဖြင့် ပူးပေါင်းကာ မြန်မာပြည်သူပြည်သားများအတွက် အကျိုးရှိစေမည့် လွတ်လပ်ပွင့်လင်း၍ အဖိုးခနှုန်းထားများသက်သာသည့် broadband အင်တာနက် များဖြစ်ပေါ်ရရှိလာစေရန် ကောင်းမွန်သော မူဝါဒများ စည်းမျဉ်းဥပဒေများ ချမှတ်အကောင်အထည် ဖော်သွားမည်ဖြစ်ပါသည်။

A4AI သည် ကမ္ဘာအကျယ်ပြန့်ဆုံး နည်းပညာညွန့်ပေါင်းအဖွဲ့ကြီးဖြစ်ပါသည် ။ Google ၊ UK DFID နှင့် USAID တို့အပါအဝင် ပုဂ္ဂလိက ၊ အများပိုင် နှင့် အကျိုးအမြတ်အတွက် မဟုတ်တဲ့ အဖွဲ့ဝင်ပေါင်းခုနစ်ဆယ်ကျော်ပါဝင်ပြီး Word Wide Web Foundation မှ ၂၀၁၃ တွင် စတင်ဆောင်ရွက်ခဲ့ပါသည် ။ A4AI နှင့် အဖွဲ့ဝင်များသည် ကမ္ဘာတစ်ဝန်းလုံး broadband အင်တာနက် ဈေးနှုန်းများကို ကျဆင်းစေရန်

လုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်သည် ။ မူဝါဒနှင့် နည်းဥပဒေများသည် တတ်နိုင်သော နှုန်းထားများရရှိနိုင်ရန် အထောက်အကူပေးကြောင်း နားလည်လက်ခံထားပြီး အဖွဲ့ဝင်အားလုံးသည် အင်တာနက် လွတ်လပ်ခွင့်၊ အင်တာနက်ပေါ်တွင် လွတ်လပ်စွာ ရေးသားဖော်ပြခြင်း နှင့် လွတ်လပ်စွာ စုရုံးစည်းဝေးခွင့်များကဲ့သို့သော အခြေခံအခွင့်အရေးများကိုလည်း ကာကွယ်နိုင်သည့် ထိရောက်သော လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြရန် သဘောတူထားပြီးဖြစ်သည်။ A4AI အနေနှင့် ကမ္ဘာကုလသမဂ္ဂအဖွဲ့အစည်း ၏ ဦးတည်ချက်ဖြစ်တဲ့ လစဉ် ဝင်ငွေရဲ့ ငါးရာခိုင်နှုန်း (သို့) ငါးရာခိုင် နှုန်းအောက် ဈေးနှုန်း ဖြင့် broadband Internet ဈေးနှုန်းအသုံးပြုနိုင်ရန် အဓိက ဆောင်ရွက်နေသောအဖွဲ့အစည်းဖြစ်ပါသည် ။

တစ်ပါတီစနစ်အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်းများစွာနေလာခဲ့ရသော်လည်း မြန်မာပြည်အနေဖြင့် ပြည်သူလူထုများအကြားတွင် သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုမှု ပြန့်ပွားလာစေရန် ဆောင်ရွက်ချက်များမှာ အထိုက်အလျောက် အောင်မြင်မှုရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် မီဒီယာထိန်းချုပ်မှု နှင့်သက်ဆိုင်သော စည်းမျဉ်းဥပဒေများအား ရုပ်သိမ်းခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍကိုလည်း ၂၀၁၃ တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖွင့်ပေးခဲ့ပါသည်။ ဤကဲ့သို့ ကြိုးစားမှုများရှိခဲ့သော်ငြားလည်း မြန်မာနိုင်ငံသည် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများထဲတွင်ပါဝင်ပြီး Broadband အင်တာနက်ဈေးနှုန်း အမြင့်ဆုံး နိုင်ငံတစ်ခုလည်းဖြစ်ပါသည်။ A4AI သည်လက်ရှိ ဂါနာ၊ နိုင်ဂျီးရီးယား၊ မိုဇင်ဘတ်၊ နှင့် ဒိုမိနီကန် ရီပဲ့ပလိတ် စသည့်နိုင်ငံများတွင် အလုပ်လုပ်ကိုင်လျှက်ရှိပြီး ယခုမြန်မာနိုင်ငံတွင်လည်း သက်ဆိုင်ရာအဖွဲ့အသီးသီးဖြင့်ပူးပေါင်းကာ သန်းနှင့်ချီသော မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ဈေးနှုန်းသက်သာပြီး ပွင့်လင်းလွတ်လပ်သော အင်တာနက် ကိုအသုံးပြုနိုင်စေရန်နှင့် ယခုရှိနေသော အခြေခံအဆောက်အအုံများကို မြှင့်တင်နိုင်စေရန် မူဝါဒများ ဖော်ဆောင်ရေးအတွက် ကူညီအားပေးသွားမည် ဖြစ်ပါသည်။

**A4AI အဖွဲ့ဝင်အဖြစ်ပါဝင်မှုအပေါ် ဆက်သွယ်ရေး နှင့် သတင်းအချက်အက်အလက်နည်းပညာ ဒုဝန်ကြီးဦးသောင်းတင်၏ အမှာစကား**

"မြန်မာနိုင်ငံ အစိုးရ၏ ရှေ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် ဆက်တိုက် လုပ်ဆောင်ကြိုးစားမှု တစိတ်တပိုင်း အနေဖြင့် ဆက်သွယ်ရေး ကဏ္ဍ၏ လစ်ဘရယ်လမ်းစဉ် နှင့် ခေတ်သစ်အသွင်ပြောင်းခြင်းက နိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတတ်ဖို့အတွက် အရေးကြီးတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အဖိုးနှုန်းသက်သာ စွာနှင့် အင်တာနက်အသုံးပြုနိုင်ခြင်းကလည်း ကျွန်တော်တို့ပြည်သူတွေအတွက် အခြေခံလူအခွင့်အရေးတစ်ရပ်ဖြစ်ပါတယ် ။ ဒ့ါအပြင် ကျွန်တော်တိုရဲ့ နေ့စဉ်လူနေမှုဘဝတွေ ဖြစ်တဲ့ ပညာရေး ၊ စီးပွားရေး ၊ ကုန်သွယ်ရေး ၊ ကျန်းမာရေး နှင့် စီမံအုပ်ချုပ်မှု အစရှိတာတွေအတွက် ကောင်းမွန်တဲ့အကျိုးသက်ရောက်မှုတွေ ဖန်တီးပြောင်းလဲပေးနိုင်မှာဖြစ်ပါတယ် ။ ကျွန်တော်တို့အနေနဲ့ "Alliance for Affordable Internet" အဖွဲ့အစည်းမှာ အာရှ-ပစိဖိတ်နိုင်ငံတွင်း ပထမဆုံး အဖွဲ့ဝင်ဖြစ်လာတဲ့အတွက် အရမ်းပဲ ဂုဏ်ယူမိပါတယ် ။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ မိတ်ဖက်အဖွဲ့ဝင်များ ၊ အဖွဲ့ဝင်နိုင်ငံများ နှင့် ရင်းရင်းနှီးနှီး ပူးပေါင်းလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါတယ်။"

**A4AI ၏ အမှုဆောင် ဒါရိုက်တာ Sonia Jorge (ဆိုနီယာ ဂျော့) ၏အမှာစကား**

" Broadband အင်တာနက်ကို ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတတ်မှု အရှိန်အားကောင်းလာခြင်း၊ ကျန်းမာရေး၊ ဒီမိုကရေစီ ဖော်ဆောင်ရေးနှင့် ပညာရေး အစရှိတဲ့ လူမှုရေးကဏ္ဍများလည်း မြင့်တတ်လာနိုင်ကြောင်း သက်သေသာဓကများ ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့က အခြားနိုင်ငံတွေလို နှစ်ပေါင်းများစွာကတည်းက ချမှတ်ထားခဲ့တဲ့ မူဝါဒဆိုးများအားပြုပြင်ရန်နှင့် စည်းမျဉ်းဥပဒေများအား ပြင်ဆင်ရန် အချိန်ယူစရာမလိုပဲ ဒီကဏ္ဍရဲ့ ကောင်းကျိုးတွေကို အလျှင်အမြန်ခံစား နိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံမှာ အလုပ်လုပ်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မတို့လုပ်ဆောင်ခဲ့တဲ့ အကောင်းဆုံးလုပ်ထုံးလုပ်နည်းတွေကို အခြေခံပြီး မြန်မာနိုင်ငံအတွက် Broadband အင်တာနက် နဲ့ဆိုင်တဲ့ အခြေခံအဆောက်အအုံနဲ့ ဈေးကွက်များ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတတ်လာစေဖို့ မူဝါဒများနှင့် စည်းမျဉ်းဥပဒေများချမှတ်လာနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။ "